# လူနှင့် သဘာဝ၊ လူ့သဘာဝ



ခရီးရှည်မထွက်ပဲ ငြိမ်နေခဲ့တာကြာပါပြီ၊ နေထိုင်ရာပတ်ဝန်းကျင်တစ်ခုထဲမှာပဲ နေ့စဉ်တွေ့မြင်ကြားသိနေရတဲ့ အာရုံများနဲ့ ထပ်တလဲလဲတွေ့မြင်နေရတော့ ဘဝကလည်း လတ်ဆတ်လန်းဆန်းမှု နည်းပါးလိုက်တာရယ်လို့ ခံစားလာမိ ပါတယ်၊ ဒါကြောင့် အခွင့်သာလျင် အနည်းဆုံး တစ်ပတ်ဆယ်ရက် ခရီးတိုတစ်ခုလောက်တော့ ထွက်ဦးမယ်ရယ်လို့ စိတ်ကူးရှိနေခဲ့တာ၊ ကံကောင်းထောက်မစွာပဲ ဒီအခွင့်အရေးကို ဒီနှစ်နွေဦးရာသီမှာရခဲ့ပါတယ်၊ သွားခဲ့တဲ့ခရီးက အမေရိကန်နိုင်ငံရဲ့ အနောက်မြောက်ဒေသဖြစ်တဲ့ အော်ရီဂင်ပြည်နယ်၊ ဝါရှင်တန်ပြည်နယ်နဲ့ ကနေဒါနိုင်ငံ အနောက်ဖျားက British Columbia ဒေသများပါ။ ဒီဒေသတွေအားလုံးက သစ်ပင်သစ်တောတွေနဲ့စိမ်းလန်းနေသမို့ ကြည့်လေရာအရပ်တိုင်းလိုလိုမှာ အုပ်ဆိုင်းမှိုင်းညို့လို့နေပါတယ်၊ အကွေ့အကောက် အမို့အမောက်တွေနဲ့ တောင်စွယ် တောင်တန်းများရဲ့ သဘာဝအလှတွေကလည်း မျက်စိပသာဒပါမက နှစ်လုံးသားနဲ့စိတ်ကိုပါ လွှမ်းမောတသဖွယ် ဖမ်းစားဆုပ်ယူလို့ပေါ့၊ ဒါကြောင့် ဒီခရီးစဉ်တလျောက် လန်းဆန်းမှုများနဲ့ ပြည့်လျှမ်းလို့နေတယ်လို့ ဆိုရမှာပါ၊ သို့ပေမယ့် မိုးညိုတဲ့အချိန်များမှာ တောင်ထိပ်တောင်ဖျားကနေ ရှုမြင်ရတဲ့ မြစ်ပြင်ကျယ်များရဲ့အလှများနဲ့ ပစိဖိတ်သမုဒ္ဒယာရဲ့ ပြာလဲ့လဲ့ရေပြင်ကျယ်ကဖြင့် လွှမ်းဆွေးမှုရသကို ကောင်းကောင်းပေးခဲ့တာလည်း အမှန်ပါပဲ၊ မေ့ပျောက်လို့မရနိုင်စရာ တောတောင်ရေမြေများရဲ့ သဘာဝအလှတရားဟာ စိတ်ဝိညာဉ်ကို ထူးထူးခြားခြားနူးညံ့သိမ်မွေ့မှုကို ပေးစွမ်းနိုင်ခဲ့ပါတယ်၊ မိခင်ကမ္ဘာကြီးက ကမ်းလင့်တဲ့ သဘာဝလက်ဆောင်မွန်ဟာ အလွန်မှပဲ မြတ်နိုးတန်ဖိုးထားဖွယ်ရာအတိ ပြည့်လျှမ်းလျက်သာပ။

မိုးများတဲ့ဝါရှင်တန်ပြည်နယ်၊ သစ်တောထူတဲ့ အော်ရီဂင်ပြည်နယ်များဆီသို့ တခြားရာသီများမှာထက် ခုလိုနွေဦးရာသီမှာ ခရီးသွားခဲ့ရတဲ့အတွက် ကျေနပ်မိပါတယ်၊ ဒီအချိန်ဟာ ဒီဒေသတွေရဲ့ ထူးခြားလှပတဲ့ အချိန်ဖြစ်မယ်ရယ်လို့လည်း မှန်းဆမိပါတယ်၊ ဆောင်းနှောင်းရာသီမှာကျလေ့ရှိတဲ့ ဖြူလွလွ စနိုးပွင့်တို့ရဲ့အလှကို အထူး တမ်းတတတ်သူ မဟုတ်ရင်ပေါ့လေ၊ သို့ပေမယ့် ဒီအချိန်မှာလည်းပဲ တောင်ထွတ်တောင်ဖျားမှာ ဝါဂွမ်းစိုင်တွေအလား စနိုးပန်းတွေကဖြင့် အဖွေးသားပြန့်ကျဲဖုံးလွှမ်းလို့ နေဆဲသာပါ။

စိမ်းလန်းမှုတွေ၊ လတ်ဆတ်မှုတွေ၊ ငြိမ်းချမ်းမှုတွေနဲ့ ပြည့်နှက်နေတဲ့ တောတောင်ရေမြေသဘာဝတွေရဲ့ အလှတွေကို ခံစားမိရင်း ဒီတောတောင်ရေမြေတွေရဲ့ သဘာဝအလှတရားတွေကို ပျက်ပျက်ပြုန်းအောင် ဖန်တီးတတ်ကြတဲ့၊ ဖန်တီးနေကြတဲ့ လူသားတို့ရဲ့အကြောင်းနဲ့ သဘာဝအလှတရားအားလုံးကို ကိုယ်ချည်းသာ အပိုင်စီးလိုသူတွေအကြောင်းဆီကိုလည်း အတွေးရောက်မိပြန်ပါတယ်။ ခုနောက်ပိုင်းနှစ်များမှာ မကြာခဏဆိုသလိုပဲ သဘာဝတရားနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပြဿနာများကိုလည်း ဟိုကဒီကနေ ကျယ်ကျယ်လောင်လောင် ကြားမိတတ်ကြမှာပါ၊ ကမ္ဘာကြီးပူနွေးလာမှု၊ အိုဇုန်းလွှာ ပျက်စီးမှု၊ ဖန်လှောင်အိမ် အကျိုးဆက်၊ ရာသီဥတုတွေပြောင်းလဲလာမှု၊ ဝတ်မွတ်ခေါင်းပါးမှုတဲ့ . . စတဲ့စတဲ့ သဘာဝဘေးအန္တရာယ်များစွာကိုပေါ့။

အမှတ်တမဲ့ကြည့်ရင် ဒီလိုသဘာဝဘေးဆိုးတွေဆိုတာ လူသားတွေ ကာကွယ်တားဆီးနိုင်မှု စည်းဘောင်အပြင်ဖက်မှာရှိတဲ့အရာတွေလို့ ထင်စရာရှိပါတယ်၊ သို့ပေမယ့် ဒီပြဿနာတွေရဲ့ အခြေခံအကြောင်းတွေထဲမှာ လူသားတို့ရဲ့ စည်းကမ်းမဲ့မှုနဲ့ ရယူပိုင်ဆိုင်လိုမှုကြီးမားခြင်းဟာ အဓိကဖြစ်တယ်ဆိုတာ တွေ့ရမှာပါ၊ အသေးစား စက္ကူကအစ နျူကလီးယားစွန့်ပစ်ပစ္စည်းအထိ လူတွေရဲ့ စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် ပတ်ဝန်းကျင်ရေမြေလေ သဘာဝတွေ

ညစ်နွမ်းထိခိုက်စေတာမျိုးတွေ၊ သက်ရှိသတ္တဝါတွေ မျိုးပြုန်းပျက်စီးရတာတွေ၊ လေထုပိုမိုညစ်ညမ်းမှုတွေ၊ ရောဂါဘယ ထူပြောလာမှုတွေ၊ မရေမတွက်နိုင်တဲ့ ဆိုးကျိုးအဆက်ဆက်တွေပေါ်ပေါက်လာရပါတယ်။

ဇီမ်ခံပစ္စည်းအမျိုးမျိုးကို အပြိုင်အဆိုင်ထုတ်လုပ်သုံးစွဲနေကြတာကြောင့်လည်း သစ်ပင်သစ်တော ပြုန်းတီးရမှုတွေ၊ ရေနံ ဓာတ်ငွေ့စတဲ့ သယံဇာတတွေ ပိုမိုထုတ်လုပ်လာရမှုတွေ။ လိုအပ်ချက်တွေ ပိုမိုများပြားလာတာကြောင့်ပဲ သူ့ထက်ငါ အပြိုင်အဆိုင် လုယက်ရှာဖွေရတာ၊ ဝယ်ယူရတာတွေ ဖြစ်လာကြရပါတယ်။ ဒီယှဉ်ပြိုင်မှုများကို အရင်းပြုလို့ပဲ ကိုယ်ကျိုးစီးပွားကာကွယ်ရမှုတွေ၊ ပြည်အချင်းချင်း ရန်စောင်စစ်ခင်းရတာမျိုးတွေ၊သယံဇာတပေါ်ကြွယ်တဲ့ အစိုးရတွေရဲ့ လူသားမဆန်မှုများကို လျစ်လျူရှုဆက်ဆံရတာမျိုးတွေလည်း ဖြစ်လာကြရပါတယ်၊ လူလုပ်တဲ့ပြဿနာတွေရဲ့ အရင်းခံကြောင့်ပဲ တောမီးလောင်မှုတွေ၊ မုန်တိုင်းတွေ၊ ရာသီမဟုတ်တဲ့ ရေလျှံမှုတွေ၊ မိုးခေါင်မှုတွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေ ပိုပိုလို့များများလာတာကိုလည်း သတိပြုမိကြမှာပါ။

သဘာဝသယံဇာတတွေကို မတန်တဆထုတ်လုပ်သုံးစွဲကြ၊ တိတိကျကျဆိုရလျင်ဖြင့် ဖြုန်းတီးနေကြသူတွေက စည်းစိမ်ရှိ၊ အာဏာရှိ၊ အပေါ်ယံလူတန်းစား အနည်းစုပါ၊ သို့ပေမယ့် ဒုက္ခသုက္ခအားလုံးရဲ့ ဆိုးကျိုးရလဒ်ကို အများဆုံးခံရသူတွေကတော့ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ နေထိုင်ကြတဲ့ စည်းစိမ်မဲ့၊ အာဏာမဲ့ သာမန်အောက်တန်းလွှာ၊ ဆင်းရဲသား အများစုပါပဲ၊ ဒါကြောင့်လည်း ဒီပြဿနာတွေကို ပြဿနာမှန်းသိပေမယ့် ကိုင်တွယ်ဖြေရှင်းဖို့ လက်တွန့်နေတတ်ကြပါတယ်၊ အဓိကကိုင်တွယ်နိုင်စွမ်းရှိသူတွေက ကိုယ်နဲ့မဆိုင်သလို ဥပေက္ခာပြုထားတတ်ကြတာကိုလည်း သတိပြုမိကြမှာပါ။ သို့ပေမယ့်လည်း ဒီရဲ့အကျိုးဆက်ကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ပြီးဖြစ်စေ၊ တစ်နည်းနည်းနဲ့တော့ လူတိုင်းကိုယ်စီ ထိတွေ့ခံစားနေကြရတာပါ။

မဆိုင်သလိုနေလို့ရတိုင်း မဆိုင်အောင်နေလို့ရမည်ထင်လျင်တော့ မဟာအာဏာရှင်တွေ၊ မဟာစည်းစိမ်ရှင်တွေရဲ့ တွက်ဆမှု အမှားပဲ ဖြစ်မှာပါ။ တစ်ဦးနဲ့တစ်ဦး၊ တစ်ခုနဲ့တစ်ခု မှီတည်ဆက်စပ်ကာ ရပ်တည်ရှင်သန်နေရတဲ့ လောကသဘာဝမှာ တစ်ဦးတည်း တစ်ယောက်တည်းဆိုတဲ့ ပုဂ္ဂလိကဘဝ အခန်းကဏ္ဍဟာ ထင်သလောက် မကျယ်ပြန့်ပါဘူး။

သဘာဝတရားတွေ ထိန်းသိမ်းစောင့်ရှောက်ရာမှာ ကိုယ်မပါပေမယ့် ဒီသဘာဝတွေ ဖျက်ဆီးရာမှာတော့ ကိုယ်တိုင်ပါဝင်လို့ နေတတ်ပြန်ပါတယ်၊ သို့တိုင် ဒီသဘာဝရဲ့အလှတရားတွေကို ဖျက်ဆီးသူထဲမှာ ကိုယ်ကိုယ်တိုင်ပါဝင်သူ ဖြစ်နေလေတယ်ရယ်လို့ တွေးမိသူကတော့ အတော်ပင်နည်းပါးပါလိမ့်မယ်၊ အထူးသဖြင့် ကမ္ဘာကြီးက ထုတ်လုပ်ပေးတဲ့ အရာတွေကို ကိုယ်ကိုယ်တိုင် သုံးစားနေပေမယ့် ဒီကမ္ဘာမြေကြီးအရှည်တည်တန့်စေဖို့၊ သဘာဝအရင်းအမြစ်တွေ အလှန်အမင်း မပျက်စီး မဆုံးရှုံးစေဖို့၊ ကမ္ဘာကြီးကို နည်းအမျိုးမျိုးနဲ့ ဖျက်ဆီးနေကြတဲ့သူတွေရဲ့ ဘေးအန္တရာယ်ကနေ ကာကွယ်ရာမှာ တတပ်တအားကိုယ်တိုင်ပါဝင်ဖို့ တာဝန်ရှိတာကိုလည်း နားလည်ဖို့လိုပါတယ်။

ဘာပဲဖြစ်ဖြစ် လူသားတိုင်း လူသားတိုင်းအနေနဲ့ ကိုယ့်ရဲ့လိုအပ်ချက်ကို အကန့်အသတ်ထားသင့်ကြပါတယ်၊ ကိုယ့်ရဲ့ ရယူပိုင်ဆိုင်လိုမှုဟာ တခြားဘယ်သူမှ၊ ဘယ်အရာမှ မထိခိုက်နိုင်မည့် ရယူလိုမှုမျိုးသာဖြစ်ဖို့လည်း အထူးလိုအပ်ပါတယ်၊ သဘာဝကပေးထားတဲ့ အလှတရားတွေအားလုံးကို ဒီသဘာဝအပေါ် မှီခိုရပ်တည်ရှင်သန်နေကြတဲ့သူအားလုံး မျှဝေခံစားဖို့ အခွင့်အလမ်း ပေးသင့်ပါတယ်၊ အခွင့်အလမ်းမရှိလျင်လည်း ဖန်တီးပေးသင့်ပါတယ်၊ သဘာဝကထုတ်လုပ်ပေးတဲ့အရာအားလုံးဟာ ငါ့အတွက်ချည်းသာဖြစ်ရမယ်ဆိုတဲ့ အရိုင်းစိတ်မျိုးလည်း ယဉ်ကျေးတဲ့လူသားကမ္ဘာမှာ လုံးဝမရှိသင့်တာ အမှန်ပါပဲ။

အမေရိကန်နိုင်ငံရဲ့လူဦးရေဟာ ကမ္ဘာ့လူဦးရေရဲ့ ၅ ရာခိုင်နှုန်းပဲရှိတယ်၊ ဒါပေမယ့် ကမ္ဘာကြီးရဲ့သဘာဝအရင်းအမြစ်တွေကိုသုံးစွဲမှုမှာတော့ ၂၅ ရာခိုင်နှုန်းရှိတယ်လို့ဆိုပါတယ်၊ ကမ္ဘာပေါ်ကလူသားအားလုံးသာ အမေရိကန်လူနေမှု

အဆင့်အတန်းတိုင်းနေထိုင်ကြမယ်ဆိုလျှင် ခုလက်ရှိကမ္ဘာမြေလိုကမ္ဘာကြီး ၁၀ ခုလောက်လိုလိမ့်မယ်လို့ သုတေသီများက ဆိုပါတယ်။

နိုင်ငံတစ်နိုင်ငံချင်းအနေ ပြောရမယ်ဆိုလျှင်လည်း နိုင်ငံတစ်နိုင်ငံရဲ့ တစ်ရာခိုင်နှုန်းထက် မပိုလောက်တဲ့ လူဦးရေအချိုးအစားလောက်က နိုင်ငံရဲ့ ၂၅ ရာခိုင်နှုန်းထက်ပိုတဲ့ သယံဇာတကို သုံးစွဲနေကြတယ်ဆိုလျှင် မှားမယ်မဟုတ်ပါဘူး၊ ခုလို အချိုးအစား မမျှမတဖြစ်နေမှုကြောင့်လည်း သဘာဝအလှတရားတွေဟာ ပိုမိုပြုန်းတီးရပါတယ်၊ အချင်းချင်းတွေကြားမှာ မနာလိုမှုတွေ၊ အင်အားပြိုင်ဆိုင်မှုတွေလည်း ပေါ်ပေါက်လာရပါတယ်၊ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင် ကွက်ကွက်လေးအတွက်လောက်ကိုသာ ကြည့်တဲ့သူတွေလည်း ပိုများလာပါတယ်၊ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်ဆိုတဲ့ ကျဉ်းမြောင်းတဲ့ကန့်သတ်မှုကို အခြေပြုလို့ ရယူပိုင်ဆိုင်လိုမှုတွေလည်း များသထက်များလာပါတယ်၊ ကိုယ့်ရပိုင်ခွင့်ထက် ပိုပြီးယူနေကြတဲ့ လူသားများစွာကြောင့်လည်း ကမ္ဘာမြေပေါ်မှာ လိုအပ်ချက်တွေဆိုတာက ပိုမိုများပြားလာရတာပါ၊ မဆုံးနိုင်တဲ့လိုအပ်ချက်တွေရှိနေသမျှ၊ အတောမသတ်နိုင်တဲ့ လောဘတရားတွေများလွန်းနေသမျှ ကမ္ဘာကြီးရဲ့ သဘာဝအလှတရားတွေလည်း ပျက်ပြုန်းဆုံးရှုံးဖို့သာ ရှိပါတော့တယ်။

"Earth provides enough to satisfy every man's need, but not every man's greed."
(Mahatma Gandhi)

မဟတ္တမဂန္ဒီပြောသလို ကမ္ဘာမြေကြီးဟာ လူသားတိုင်းရဲ့တကယ့်လိုအပ်ချက်ကို ပြည့်ဝအောင်ဖြည့်ဆည်းနိုင်ပေမယ့် လူသားတိုင်းရဲ့ အပိုလောဘအတွက်တော့ ပြည့်ဝအောင် ဖြည့်စွမ်းနိုင်မယ် မဟုတ်ပေဘူး။ ။

**အရှင်ဉာဏိက**

